# အင်္ဂလန်ခရီး မပြီးသေးပါ (၁၀)

အရှင်ဉာဏိက



အင်္ဂလန်မြောက်ပိုင်းကို သွားဖို့ပါ။ လန်ဒန်က အင်္ဂလန်ရဲ့ အရှေ့တောင်စွန်းဒေသမှာ။ မြန်မာတွေနဲ့ အလွန်ရင်းနှီးတဲ့ မန်ချက်စတာတို့ လီဗာပူးတို့က အင်္ဂလန်ရဲ့ အနောက်မြောက်ယွန်းယွန်း အပိုင်းမှာ။ လန်ဒန်နဲ့ မန်ချက်စတာက မိုင် ၁၈၀ ခန့်။ ဧရိယာကျယ်ပြန့်တဲ့ အမေရိကလို နိုင်ငံမျိုးဆိုလျှင်တော့ မိုင် ၁၇၀ ဆိုတာက ဝေးတယ်လို့ မဆိုသာပါဘူး။ သို့ပေမယ့် အင်္ဂလန်မှာတော့ ဒီခရီးက အတန်ဝေးနေသလို။ လန်ဒန်မြို့နေ မြန်မာတွေအဖို့ ဒီလောက်ဝေးတဲ့ ခရီးကိုပင် ဝေးတယ်လို့ ပြောတတ်ကြ။ ဒါတောင် ကားရထားဆက်သွယ်ရေး လမ်းကြောင်းက အလွန်ကောင်းလွန်းလို့သာ။

လန်ဒန်က စထွက်တော့ ညနေ ၃ နာရီကျော်ကျော်။ ရာသီက မှုန်ပျပျ။ မိုးစလေးတွေသည်ပင် တဖွဲဖွဲကျလို့။ ဒီလို ခရီးရှည်မျိုးမှာ မိုးမှုန်မှုန်လေးကြား ခုလို ကားကြီးကြီးစီးပြီး ခရီးသွားရတာမျိုးက ကိုယ့်ရဲ့အကြိုက်ဆုံးထဲက တစ်ခု။ ဒါကြောင့် အင်္ဂလန်မြောက်ပိုင်းခရီးက ကြည်နူးဖွယ်ကောင်းလိမ့်မယ်လို့ ကားစထွက်ကတည်းက ကြိုတင်ယုံကြည်ထားခဲ့တာ။ မင်္ဂလာညနေခင်းပေါ့ လန်ဒန်ရာ။ ကားကြီးကြီးစီးပြီး ကမ္ဘာကြီးကို တပတ်ပတ်ကြည့်ချင်တဲ့ကိုယ့်အတွက် ဒီခရီးက အနည်းဆုံး စိတ်လိုအင်ဆန္ဒအတွက် ဖြည့်စွက်ချက်လေးတစ်ခုတော့ ဖြစ်မှာပ။

ကားစထွက်ချိန်မှာ ရုံးဆင်းချိန်လည်း စပြီ။ ဒီတော့ လန်ဒန်မြို့တွင်းလမ်းတွေပေါ်မှာ ကားတွေက အပြည့်။ လန်ဒန်မှာ အများသုံးရထားတွေ၊ ဘတ်စကားတွေပေါလို့ သွားလာမှုလွယ်ကူအဆင်ပြေပေမယ့် ရုံးဆင်းရုံးတက်ချိန်များမှာတော့ လမ်းတွေပေါ်မှာလည်း ကိုယ်ပိုင်ကားတွေက ပြည့်နေဆဲ။ကမ္ဘာ့မြို့တော်ကြီးများမှာ တွေ့လေ့ရှိတဲ့ ကားကျပ်တဲ့ဒုက္ခကို မရှောင်နိုင်ပဲ လန်ဒန်လည်း ခံရမြဲ။ မြို့ပြင်ရောက်အောင် အတော်ကြာကြာ ကားစီးခဲ့ရတယ်။

လန်ဒန်မြို့တွင်းမှာ ဥယျာဉ်နဲ့ပန်းခြံတွေ၊ သစ်တောရိုင်းငယ်တွေ ပေါများပေမယ့် လန်ဒန်က လူဦးရေထူထပ်တဲ့မြို့တော်ကြီးမို့ ကြည့်လေရာရာ လူတွေကအပြည့်။ လန်ဒန်မြို့ပြင်ရောက်လာတာနဲ့ မြင်ကွင်းက ပြောင်းလဲသွားသလို ခံစားမိတယ်။ ကြည့်လေရာအရပ်မှာ လူတွေ တိုက်တာအဆောက်အဦတွေအစား သစ်ပင်တောတောင်တွေကိုသာ ပိုမိုတွေ့ မြင်လာရတယ်။ ဒီရာသီကလည်း အင်္ဂလန်ရဲ့ အစိမ်းလန်းဆုံးအချိန်မို့ လမ်းတစ်လျှောက်လုံးမှာလည်း စိုက်ခင်းစိမ်းစိမ်း။ မြက်ရိုင်းစိမ်းစိမ်း။ အရာအားလုံး စိုစိုစိမ်းလို့။ လမ်းဘေးတလျှောက်ရှိ တောရိုင်းပန်းလေးများကလည်း အစွမ်းကုန်ပွင့်ချိန်။ သဘာဝရဲ့ အလှတရားစုံလင်မှုက စိတ်ကိုတောင် အသစ်တစ်ဖန် လန်းဆန်းလာသလို ပိုမို လှပလာသလို ခံစားမိတယ်။

ကိုယ်ခရီးတွေ သွားခဲ့တာများပြီ။ သွားခဲ့တိုင်းလည်း ရောက်ရာဒေသသစ်များက ကိုယ့်ကို ဘဝသစ်တစ်ခုထဲ ခေါ်ဆောင်သွားသလို ထင်နေကျ။ တနေရာထဲမှာနေပြီး လှုပ်ရှားလုပ်ကိုင်နေတဲ့ နေ့စဉ်ဘဝ လှုပ်ရှားမှုများကိုလည်း ခဏတာမေ့ထားသလို ဖြစ်စေခဲ့တယ်။ ဒီလန်ဒန်ခရီးကတော့ ထူးထူးခြားခြားပဲကိုယ့်ကိုယ် လုံးဝဘဝအသစ် တစ်ခုဆီ ရောက်သွားသလိုဖြစ်စေခဲ့တယ်။ ကိုယ့်ဦးနှောက်ထဲမှာ အရာအားလုံးက အသစ်ချည်းဖြစ်နေသလို။ ဒါခရီးသွားခြင်းရဲ့ ကောင်းကျိုးတစ်ခုလား။ ဒါမှမဟုတ် ဆိုးကျိုးတစ်ခုလား။ ကိုယ်ကြိုက်လျှင် ကောင်းကျိုးပေါ့လို့ ပြောမယ်ဆိုလျှင်တော့ ကိုယ့်အဖို့ ဒါဟာဖြင့် တကယ့်ကိုမှ ကောင်းကျိုးပါပဲ။

လန်ဒန်ကနေ မန်ချက်စတာရောက်တဲ့အထိ လမ်းတစ်လျှောက်လုံးမှာ လုံးဝပြေပြစ် ပြန့်ပြူးညီညာနေတဲ့ စိုက်ကွင်းကျယ်ကျယ် မတွေ့ရ။ နိမ့်ချည်တလှည့်၊ မြင့်ချီတခါ တောင်ကုန်းငယ်ငယ်မို့မို့သဖွယ် လယ်ကွင်းများကိုသာ တွေ့ရ

တယ်။ စိုက်ခင်းများကလည်း အမေရိကမှာ တွေ့မြင်ရတတ်တဲ့ စိုက်ခင်းများလို မျက်စိတဆုံး ကျယ်ကျယ်ပြန့်ပြန့် ကြီးတွေ မဟုတ်။ ကိုယ်ငယ်ငယ်က မြင်နေကျ ကိုယ့်အမိနိုင်ငံက လယ်ကွက်တွေလို။ အတန်အသင့်သာ ကျယ်ပြန့်တဲ့ လယ်ခင်းများသာ။ ထူးခြားတာက အင်္ဂလန်က လယ်ကွင်းများရဲ့ ကန်သင်းများမှာ သစ်ပင်များစိုက်ပျိုးထားတတ်တာကြောင့် စိုက်ခင်းများက တောအုပ်ကြား ရောက်နေသလို။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုလားသူတွေ အကြိုက်ဖြစ်လိမ့်မယ်လို့ အတွေးဖြစ်မိတယ်။ လယ်တောကြားမှာလည်း အိမ်စုစုလေးတွေ တွေ့ရတတ်တယ်။ လယ်စောင့်အိမ်ယာတွေ ဖြစ်မှာပေါ့။ သို့ပေမယ့် ကိုယ့်နိုင်ငံမှာလို ကောက်ရိုးမိုး ကောက်ရိုးကာ တောတဲငယ်လေးများ မဟုတ်။ လယ်တဲလေးတွေအစား ခမ်းနားတဲ့ အဆောက်အဦကြီးများသာ။ ဂျိုးနှစ်ကောင် ထန်းနောင်းပင်ညီနောင်က လွမ်းအောင်ကူချဲ၊ . . . ပင်မြက်မြေဇာဖြူနဲ့ ဖိုးတောင်သူတဲ–ဆိုတဲ့ ကိုယ်ငယ်ငယ်က ဖတ်ခဲ့ဘူးတဲ့စာနဲ့က မကိုက်ညီသလို။ ဖိုးတောင်သူတဲဆိုရအောင် တဲမှမဟုတ်တာ။ သူတို့ရဲ့ တောင်သူယာတဲရဲ့ သရုပ်မှန်ကိုဖွဲ့ဆိုနိုင်ဖို့ ကိုယ့်ဆီက မြို့ပြနေလူကုံထံတစ်ဦးရဲ့ လူနေမှု ဘဝပုံစံကို ရေးပြမှ ဆီလျော်သဘာဝ ကျလိမ့်မယ်ထင့်။

လန်ဒန်သူလန်ဒန်သားတွေပြောတဲ့ အင်္ဂလိပ်လေသံနဲ့ မြောက်ပိုင်းသားတွေပြောတဲ့အသံက မတူတတ်။ သိသိသာသာခြားနားနေတယ်။ အမေရိကန်လေသံနဲ့ ထိတွေ့တာများတဲ့ ကိုယ့်အဖို့ လန်ဒန်သားတွေရဲ့ စကားသံသည်ပင်နားမှာ တော်တော်စိမ်းနေတာ။ မြောက်ပိုင်းသားတွေရဲ့ လေသံကတော့ ပိုလို့ပင် နားလည်ဖို့ ခက်တာပေါ့။ ကို့ချ်လို့ခေါ်တဲ့ အဝေးပြေးဘတ်စကားမောင်းတဲ့ ဒရိုင်ဘာပြောတဲ့စကား ကိုယ်ဖြင့်နည်းနည်းမှကို မဖမ်းနိုင်ခဲ့။ အတူသွားခဲ့တဲ့ ဦးတောသနကိုမေးကြည့်တော့ စကော့တလန်ဘက်က ဖြစ်မယ်ထင်တယ်။ စကော့တွေ အိုင်းရစ်တွေရဲ့လေသံကို လန်ဒန်မှာနေတဲ့ သူတို့တောင် အတော်နားထောင်ရတာတဲ့။ ဒီတော့ ကိုယ့်အတွက် နားစိမ်းနေတာ အဆန်းတော့ မဟုတ်ဘူးပေါ့။ ခက်ပုံက အင်္ဂလိပ်တွေပြောတဲ့ အင်္ဂလိပ်စကားသံကလည်း ဝဲပဲ ဝဲနိုင်လွန်းစွလို့ ကိုယ်ကထင်နေမိခဲ့တာလေ။ တကယ်တော့ သူတို့ရဲ့ မူရင်းဘာသာစကား။ တကယ်ဝဲနေတာက သူတို့လေသံ မဟုတ်ပဲ ကိုယ့်နားက ဝဲနေတာပဲဟာ။

ကိုယ့်မိဘဘိုးဘွား အားလုံးက ဗမာစစ်စစ်ကြီးတွေ။ အခြားလူမျိုးခြား မဆိုထားနဲ့။ တိုင်းရင်းသားထဲကတောင် တစ်ဦးတလေမှ မရှိတဲ့ အညာဒေသက တောရွာမှာ မွေးဖွားသူ။ သို့ပေမယ့် စကားပြောမြန်ပြီး အညာသားစစ်စစ်လေသံ အပြည့်ပါနေတဲ့ ကိုယ့်ကိုယ် ဗမာစကား ဘူးလုံးကွဲအောင် မပြောတတ်တဲ့သူအချို့က မေးတတ်တယ်။ အရှင်ဘုရား ဗမာစစ်သလားတဲ့။ ဘာကြောင့် ခုလိုမေးတာလဲဆိုတော့။ အရှင်ဘုရား စကားပြောတဲ့လေသံက ဝဲနေလို့ လို့ ပြောတတ်ကြတာကို သတိရမိတယ်။ ခုလဲ ကိုယ်က အင်္ဂလိပ်တွေလေသံက အရမ်းဝဲနေတယ်လို့ ထင်နေမိတာကိုး။ ဒီတော့လည်း တနဲ့သ၊ လ နဲ့ ရ ကွဲပြားအောင် မပြောတတ်တဲ့သူတွေက ကိုယ့်ကိုယ် စကားဝဲတယ်လို့ ပြောတတ်တာကို ပိုပြီးနားလည်ပေးလိုက်နိုင်ပါတယ်။

ဖရီးဝေး၊ သူတို့အခေါ် မော်တော်ဝေးလမ်းများရဲ့ လမ်းညွှန်များက ကိုယ့်မျက်စိနဲ့ စိမ်းနေသလိုဖြစ်နေတယ်။ အင်္ဂလန်ကတော့ တကယ့်ကိုယ်မှ အဝိုင်းတွေများလွန်းတဲ့ နိုင်ငံ။ လမ်းဆုံလမ်းခွရောက်တိုင်း အဝိုင်းသင်္ကေတန်လမ်းညွှန်သင်္ကေတတွေကို တွေ့ရတတ်တယ်။ လမ်းညွှန်ဆိုင်းဘုတ်တွေက တချို့ဝေါဟာရတွေကို ကိုယ်လုံးဝ နားမလည်နိုင်ခဲ့။ ဟိုနားဒီနားသွားလို့ ဂျီပီအက်စ်(လမ်းညွှန်မြေပုံပါစက်)ကို သုံးတယ်ဆိုလျှင်ဖြင့် အများဆုံးကြားရမှာက ရောင်းဒ်ဘောက်ထ်ဆိုတဲ့ အသံပဲပေါ့။ အဝိုင်းသေးသေး၊ အဝိုင်းလတ်လတ်၊ အဝိုင်းကြီးကြီးတွေက ပေါပဲ ပေါနိုင်လွန်းလှ။ အင်္ဂလန်ရဲ့ အသုံးအနှုန်းအချို့က အမေရိကန်တွေရဲ့ အသုံးနဲ့ ကွာခြားနေတတ်တယ်။

လန်ဒန်ကနေ မန်ချက်စတာအသွား လမ်းမှာ တစ်ခါရပ်နားတယ်။ ခုလိုရပ်နားစခန်းကို ဆားဗစ်ရေိယာလို့ခေါ်တယ်။ အမေရိကမှာဆိုလျှင်တော့ ရက်စ်ဧရိယာပေါ့။ ကိုယ့်အမိမြွေနိုင်ငံမှာ ဆိုလျှင်တော့ ပေါက်တောလို့ ခေါ်တဲ့နေရာမျိုး။ အင်္ဂလန်က ဆားဗစ်ဧရိယာ အများစုကတော့ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေနဲ့ စည်စည်ကားကား။ အမေရိကမှာတော့ အများစုနားနေစခန်းတွေက တောထဲမှာ။ သစ်ပင်အုပ်အုပ်လေးတွေကြားက မြက်ခင်းစိမ်းလေးကြားမှာ အမျိုးသား အမျိုးသမီးခွဲခြားထားတဲ့ အိမ်သာခန်းတွေနဲ့။ ခဏအပန်းဖြေကာထိုင်နိုင်ဖို့ ထိုင်စရာခုံလေးတွေကိုလည်း

ချထားတတ်တာကို တွေ့မြင်နေကျ။ ဒီနားနေစခန်းမျိုးမှာ စက်ထဲကို ကိုယ်တိုင်ပိုက်ဆံထည့်ပြီး ဝယ်နိုင်တဲ့ အပေါ့စား သွားရေစာနဲ့ ကော်ဖီစက်လေးတွေသာ အများအားဖြင့် ထားရှိတတ်တာ။ ကိုယ့်အမိနိုင်ငံက ပေါက်တောကတော့ အတန်အသင့် အကွယ်အကာကောင်းတဲ့ ခြုံပုတ်လေးတွေ ရှိတတ်တဲ့နေရာမျိုး။ ကိုယ့်အမိမြေသားတွေက သဘာဝကို ပိုပြီးချစ်တတ်သူတွေလို့ ဂုဏ်ယူရမလို။ နေ့စဉ်ဘဝ အသက်မွေးနေထိုင်မှုများက တကယ့်သဘာဝ စစ်စစ်များနဲ့ သာ။ အများစုသော သူတွေမှာက မြစ်ရေ ချောင်းရေ ကန်ရေကိုသောက် နေရောင်လရောင်နဲ့ အမှောင်အောက်က မြေကမ္ဗလာမှာ ခြေဗလာနဲ့ လမ်းလျှောက်ပြီး ခြုံအကွယ် ကျင်ကြီးကျင်ငယ်စွန့်တတ်တဲ့ ရှေးဓလေ့ကို ခုံမင်စွာ ဖက်တွယ်ထားရဆဲ မဟုတ်လား။

လန်ဒန်နဲ့မန်ချက်စတာကြားမှာ မြို့ကြီးကြီးမားမားတစ်မြို့ကိုမှ ကားဖြတ်မောင်းရတာမျိုး မရှိခဲ့။ လန်ဒန်ကနေထွက်စမှာ အင်္ဂလန်ရဲ့ အဓိကအဝေးပြေးလမ်းမကြီးဖြစ်တဲ့ မော်တော်ဝေး နံပါတ်တစ်ဖြစ်တဲ့ M1 ကနေစခဲ့တယ်။ ဒီလမ်းမကြီးက အင်္ဂလန်ရဲ့ တောင်ပိုင်းနဲ့မြောက်ပိုင်းကို ဆက်သွယ်ထားတဲ့ လမ်းကြီးလို့လည်း ဆိုနိုင်မယ်ထင်ပါတယ်။ အမ်ဝမ်း လမ်းမကြီးကနေခွဲထွက်ပြီး အဝိုင်းကြီးလတ်ငယ် အမျိုးမျိုးကိုပတ်ကာ လမ်းအမျိုးမျိုးပြောင်းစီးပြီး ကိုယ်တို့ရဲ့ ခရီးဆုံးဖြစ်တဲ့ မန်ချက်စတာမြို့ကို ညနေ ၇ နာရီမှာရောက်တယ်။ မိုးအုပ်နေပေမယ့် ည ၇ နာရီအချိန် မန်ချက်စတာမှာ အလင်းရောင် ထိန်ထိန်တောက်နေဆဲ။ အုတ်ရောင်နီရဲရဲနဲ့ တည်ဆောက်ထားတဲ့ ရှေးဟောင်းအင်္ဂလန်ရဲ့ အထိမ်းအမှတ်တွေကို ဒီမန်ချက်စတာမှာ ပိုမိုထင်ထင်ရှားရှား တွေ့မြင်လိုက်ရ။ ဒီမြင်ကွင်းကမှ ကိုယ်ကြားဘူးထားတဲ့ အင်္ဂလန်ရဲ့ တကယ့်ရှေးဟောင်းမြို့ပြ သင်္ကေတ။ ဒေးဗစ်ဘက်ခမ်၊ ဖာဂူဆန်၊ ရော်နယ်ဒိုနဲ့ ဝင်းရှုနီစတဲ့ ကမ္ဘာကျော်တို့ရဲ့ နယ်မြေ မန်ချက်စတာမြေရဲ့ First impression ကတော့ မန်ချက်စတာသမိုင်းကို နက်နက်တူးဖော်ကြည့်စေဖို့ ကိုယ့်ကို ကောင်းကောင်းမိတ်ဆက်လို့ ကြိုဆိုနိုင်လိုက်တယ်။ ဂွတ်ဒ် အီးဗင်းနင်းပါကွဲ့ မန်ချက်စတာရယ်။

မန်ချက်စတာမြို့မှာရှိတဲ့ ပဏ္ဍိတာရာမသာသနာ့ရိပ်သာမှာ သီတင်းသုံးနေတဲ့ အရှင်ပညာသာမိနဲ့ ဒကာတစ်ဦးတို့ နေရှင်နယ် အိပ်စပရက်ကားဂိတ်ကို လာရောက်ကြိုဆိုကြတယ်။ ဒီနေရာက မန်ချက်စတာကနေ အင်္ဂလန်နဲ့ ဥရောပတစ်လွှား ပြေးလွှားနေတဲ့ လိုင်းပေါင်းစုံ ဘတ်စကားကြီးတွေရဲ့ ဂိတ်။ အသစ်ပြုပြင်ထားတဲ့ ဒီကားဂိတ်ကတော့ ခေတ်မီသားနားတဲ့ အသွင်အပြင်။ အင်္ဂလန်ရဲ့ ဂုဏ်ရည်ပြ ရှေးကျတဲ့ သင်္ကေတ ရေးရေးလေးမှပင် မမြင်တွေ့ရ။

ကိုယ်တို့ကိုလာကြိုတဲ့ကား စထွက်စမှာပဲ မိုးပေါက်လေးတွေ တဖွဲဖွဲကျလာတယ်။ ခုလို ရာသီလေး အုံ့ဆိုင်းပျပျ မိုးစက်လေးတွေ မကြာခဏ တဖွဲဖွဲကျတတ်တာဟာ မန်ချက်စတာရဲ့ ထူးခြားတဲ့ သင်္ကေတတဲ့လေ။ ကိုယ်ငယ်ငယ်က မြန်မာ့အသံရေဒီယိုကနေ ကြားရလေ့ရှိတဲ့ ရာသီကတော့ ဘောလုံးသမားအကြိုက်ပေါ့ခင်ဗျာဆိုတဲ့ ဘောလုံးပွဲကြေငြာတဲ့ ဦးလှဝင်းအသံကို သွားသတိရမိတယ်။ မန်ချက်စတာရဲ့ ခုလိုမှုန်ပျပျ ရာသီဥတုကပဲ မြန်မာ့ဘောလုံးဝါသနာအိုးများရဲ့ အသဲစွဲ မန်ချက်စတာဘောလုံးသင်း ကမ္ဘာကျော်စေဖို့ အထောက်အပံ့ဖြစ်နေသလားလို့ မဆီမဆိုင် အတွေးရောက်မိလိုက်ခဲ့တယ်။

ရာသီဥတု သဘာဝပတ်ဝန်းကျင် ပထဝီအနေအထား စတာတွေက လူသားတစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ထွန်းကားဖို့ အဓိက ကျတဲ့အရာပဲ မဟုတ်လား။ ပဋိရူပဒေသဝါသ ဆိုတာ မင်္ဂလာတစ်ပါးပဲလေ။ ရေမြေလေသဘာဝ အရာရာ မျှတကောင်းမွန်ပါလျက်ကယ်နဲ့ အောက်ကျနောက်ကျဖြစ်နေတာမျိုးရော ရှိတယ် မဟုတ်ဘူးလားလို့တော့ မေးခွန်းမထုတ်ပါနဲ့ပေါ့။ သဘာဝပတ်ဝန်းကျင် ပထဝီအခြေအနေတွေ ဘယ်လောက်ပဲ ကောင်းကောင်း၊ အဲဒီအရာတွေကို မှန်မှန်ကန်ကန် အကျိုးရှိရှိ အသုံးချတတ်တဲ့ စွမ်းရည်ကောင်းမရှိလျှင်တော့ ဒီသဘာဝတွေက ဘယ်မှာ အလှတရားဖြစ်လာနိုင်ပါ့မလဲ။ အရာရာမှာ လူသာလျှင် ပဓာနပဲ မဟုတ်လား။ ။